ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၇ | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## ဦးစီးဌာနအဆင့် ဌာနအကြီးအကဲနှင့် ဝန်ထမ်းထု လစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ မှ သြဝါဒ စကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ်ပုံမှန် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားအား ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက် (၀၉:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၁၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆန်တင်ပို့မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆန်တင်ပို့မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၀-၁၀-၂၀၂၂) ရက်နေ့၊ နေ့လည် (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးဆောင်၍ မြန်မာနိုင်ငံဆန်စပါးအသင်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆိပ်ကမ်းမှ တာဝန်ရှိသူများ နှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိအရာထမ်းများအားလုံး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆန်တင်ပို့မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား အနေဖြင့် ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ အရ ဆန်တန်ချိန် (၂၀၀၀၀၀) တင်ပို့မှုအတွက် အသုံးပြုမည့် ဆိပ်ကမ်း (၄) ခု၊ တင်ပို့မည့်ကုမ္ပဏီ (၄၈) ခု တို့မှ ဆန်တင်ပို့မှုများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ ဆိပ်ကမ်း (၄) ခု အတွက် ဆိပ်ကမ်း အသုံးပြုခွင့်များနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနမှ ဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသော တာဝန်ရှိသူများအနေဖြင့်လည်း ဆန်တင်ပို့မှုနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးနိုင်ပါကြောင်းပြောကြားခဲ့ပြီး နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဆိပ်ကမ်း (၄) ခု မှတစ်ဆင့် ဆန်တန်ချိန် (၂)သိန်း ကို သတ်မှတ်ကာလအတွင်း အချိန်မီပေးပို့နိုင်ရေး ဦးတည်ဆောင်ရွက်သွားစေလို ကြောင်း၊ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှတစ်ဆင့် ပထမဆုံးအကြိမ်အနေဖြင့် ဆန်တင်ပို့မှုအတွက် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)တွင် ထုတ်ကုန်ကြေညာလွှာ ဖွင့်လှစ်ဆောင်ရွက်စေလိုကြောင်း နှင့် ဆိပ်ကမ်းတံတား သတ်မှတ်ပေးမှုကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပါဝင် ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအား နေ့လည် (၁၄:၁၅) အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



# အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်မှုအသုံးအနှုန်းများ (Incoterms) အမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား




အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုအသုံးအနှုန်းများ (Incoterms) ကို (၁၃-၁၀-၂၀၂၂) ရက်နေ့မှ (၁၄-၁၀-၂၀၂၂) ရက်နေ့အထိ နေ့စဉ် (၀၈:၀၀) နာရီမှ (၀၉:၃၀) နာရီအချိန်အထိ အကောက်ခွန်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားအား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားကို အကောက်ခွန်မှူးနှင့် ဒုတိယအကောက်ခွန်မှူး၊ စုစုပေါင်း သင်တန်းသားဦးရေ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။





# မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ အခန်း (၁) မှ (၉၇) ရှိ အကောက်ခွန်နှုန်းများ ပြင်ဆင်သုံးသပ်ခြင်းနှင့်ပတ်သက်၍ တင်ပြခြင်း



မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ပြင်ဆင်ချက်များအပေါ်တွင် ရှင်းလင်းပြောကြားခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက အသင်းအဖွဲ့များဖြင့် Public Awareness (၃) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ပြင်ဆင်ချက်များအပေါ်တွင် ပထမအကြိမ် ရှင်းလင်းပြောကြားခြင်းအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့ နံနက် (၀၈:၀၀) နာရီမှ (၀၉:၃၀) နာရီ အထိ အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းခန်းမတွင် အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၇၀) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ် Public Awareness အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက် (၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမတွင် Video Conferencing (Zoom application) ဖြင့် အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၃၀) ဦးနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MCBA) ၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ ကိုယ်စားလှယ် (၁၀၀) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

တတိယအကြိမ် Public Awareness အား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နံနက် (၀၉:၃၀) နာရီမှ (၁၂:၀၀) နာရီအထိ အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၃) တွင် Video Conferencing (Zoom application) ဖြင့် အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၁၀)ဦးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ် (၆၁) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူသုံးစွဲရန်နှင့် စားသုံးရန်မသင့်သော ရက်လွန်အေးခဲအသားများ၊ ဆေးဝါးများ၊ အလှကုန်များနှင့် ဘီယာများအား ဖျက်ဆီးခြင်း



အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာသိမ်း ထု/ခွဲ ဖျက်ဆီးအဆင့်ရောက် အမှုတွဲ (၃၅) မှု ပါ အများပြည်သူသုံးစွဲရန် နှင့် စားသုံးရန်မသင့်သော ရက်လွန် အေးခဲအသားများ၊ ဆေးဝါးများ၊ အလှကုန်များ နှင့် ဘီယာများ၊ စုစုပေါင်းတန်ဖိုး (၂,၂၄၂,၅၇၀,၄၀၄) ကျပ်အား (၆-၁၀-၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေး ဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး ဥက္ကဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီပိုင်၊ ထိန်ပင် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ၊ လှိုင်သာယာမြို့နယ်၌ စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။



# (၄၄) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းဘုံကထိန် အခမ်းအနား



(၄၄) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းဘုံကထိန် အခမ်းအနားကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများ နှင့် အမှုထမ်းများ စုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။



# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၀၄) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု

(၁၄-၁၀-၂၀၂၂) ရက်နေ့တွင် WILMAR ဆိပ်ကမ်း၌ Mandalay Beverages Enterprise Co.,Ltd မှ ID No. 100221353041 (7/10/2022)၊ MV. BOSHI 58 သင်္ဘောဖြင့် တင်သွင်းလာသည့် Brand New; Construction Materials များအား Boarding Officer မှ စစ်ဆေးခဲ့ရာ ID တွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Brand New Construction Materials; Deformed Bar – (168895.94 Kg)၊ ခန့်မှန်းတန်ဖိုး ကျပ် (၂၃၀,၅၄၂,၉၅၈/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။






# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု






(၃၁-၁၀-၂၀၂၂) ရက်နေ့ (၁၄:၃၀) အချိန်ခန့်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးအာကာငြိမ်းချမ်း ဦးဆောင်သော စရဖ(လေ)၊ လေကြောင်းရဲနှင့် YACL တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စင်္ကာပူနိုင်ငံမှ "MNA" လေယာဉ်ခရီးစဉ်အမှတ်၊ (UB-002/SF-5001) ဖြင့် လိုက်ပါလာသည့် ခရီးသည်ဝန်စည်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ ခရီးသည် ဦးကျော်ကျော်ဦး (PP No# ME565567) ဝန်စည်များအား X-Ray ပုံရိပ်မသင်္ကာသဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Dior Forever Creamy Concealer Skin Correction (11 ml), C/O# France – (24 NOS) အပါအဝင်ပစ္စည်း (၈) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၃၅,၆၇၂,၇၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု

(၂၅-၁၀-၂၀၂၂)ရက်နေ့ (၀၅:၅၀) အချိန်ခန့်တွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာန (၁၆) မိုင်စစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းအဖွဲ့သည် ရန်ကုန်မှ မူဆယ်သို့ သွားရောက်မည့် ယာဉ်အမှတ် (6K/2829) SCANIA မြတ်မန္တလာထွန်း ခရီးသည်တင်မှန်လုံယာဉ်အားစစ်ဆေးရာ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လိပ်ပုတီးကုန်း– (10Nos) အပါအဝင် အခြားတိရစ္ဆာန်မျိုးစုံ (၅) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၃၆၀,၀၀၀/–) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ် (6K/2829) SCANIA မြတ်မန္တလာထွန်း ခရီးသည်တင်မှန်လုံယာဉ်၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ စုစုပေါင်းဖမ်းဆီးမှု (၂) မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃,၁၃၆၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ ဖမ်းဆီးမှု

(၂၈-၁၀-၂၀၂၂) ရက်နေ့ (၁၄:၀၀) အချိန်ခန့်တွင် စရတ(မပခ)မှ ဗိုလ်ကြီး ချမ်းငြိမ်းထွန်း ဦးစီး၍ အဖွဲ့ဝင်(၅)ဦးနှင့် ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့အထွက် (၅)မိုင် စီအင်လုံခြုံရေးဂိတ်တွင် ယာဉ်အမှတ် (3F/9897) Pajero အား စစ်ဆေးရာ ကျောက်စိမ်းဟုယူဆရသော အရွယ်စုံလက်ကောက်ကွင်းများ - (15Pkg)/ (202.7Kg) ခန့်မှန်းတန်ဖိုးကျပ် (၃၂,၄၃၂,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ် (3F/9897) Pajero၊ ခန့်မှန်းတန်ဖိုးကျပ် (၃,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ စုစုပေါင်းဖမ်းဆီးမှု (၂) မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅,၄၃၂,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။








# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/ တားဆီးမှု

(၂၆-၁၀-၂၀၂၂) ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျ စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အကောက်ခွန်မဲ့ BOPP Film၊ Type- PP25100၊ C/O- Made In Thailand (2400 Kg)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၀၁၆,၀၀၀/-) ခန့်အား လည်းကောင်း၊ အဆိုပါပစ္စည်းများအား တင်ဆောင်လာသည့် ယာဉ်အမှတ် 4E-8743(12W)၊ Brand # Mitsubishi Canter၊ Type # Truck (4×2)၊ Chassis # F7956Q ၊ Color # White+ Blue+ Red ၊ Model # 2000၊ C/O # Japan -1U ၊ ခန့်မှန်းတန်ဖိုးကျပ် (၂၅,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း၊ စုစုပေါင်းဖမ်းဆီးမှု(၂)မှု၊ စုစုပေါင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၂၇,၀၁၆,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။








# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၅၉.၅၈၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြား ဖမ်းဆီး/ တားဆီးမှု

(၂-၁၀-၂၀၂၂) ရက်နေ့ (၁၁:၀၀) အချိန်ခန့်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် (8J/4096) (TTBUS Express)သည် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ဝင်ရောက်အစစ်ဆေးခံရာ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် Vegetable Cooking Oil (Brand–GAYSORN) C/O–TH – (၃၀၀ဗူး)၊ ခန့်မှန်းတန်ဖိုးကျပ် (၄,၅၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ HD WIFI Security Camera, Brand– FNKVISION, Mdl– FNK–1113/K, C/O–TH – (၆၀လုံး)၊ ခန့်မှန်းတန်ဖိုးကျပ် (၂,၄၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်(8J/4096) TTBUS Express၊ ခန့်မှန်းတန်ဖိုး ကျပ် (၁၅,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း၊ စုစုပေါင်းဖမ်းဆီးမှု (၃) မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁,၉၀၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။









